# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သာသနာရေးဝန်ကြီးဌာန
# (ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)
# အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၅)
# ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်
# (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

သာသနာရေးဝန်ကြီးဌာနသည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၈ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၅) ၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို "**ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**"ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကို ဆိုသည်။

(ခ) **ဥက္ကဋ္ဌ** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌကို ဆိုသည်။

(ဂ) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကိုဆိုသည်။

(ဃ) **မြို့မိမြို့ဖ** ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် မှတ်ပုံတင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာက ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တင်ပြသူကိုဆို သည်။

(င) **ဘာသာဝင်** ဆိုသည်မှာ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်သည့် ကိုး ကွယ်ရာဘာသာဝင်ကိုဆိုသည်။

(စ) **ဖွဲ့စည်းပုံ** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းပုံကိုဆိုသည်။

(ဆ) **လျှောက်လွှာ** ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ကိုးကွယ်ရာ ဘာသာကူးပြောင်း ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ရေးအဖွဲ့ ရုံးသို့ လျှောက်ထားသည့် လျှောက်လွှာကို ဆိုသည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော ပုံစံကို ဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်ရေးအဖွဲ့ဖွဲ့စည်းခြင်း

၃။ ဥက္ကဋ္ဌသည် မှတ်ပုံတင်ရေးအဖွဲ့ဖွဲ့စည်းသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာ၍ တရားမျှတမှုရှိစေရေးအတွက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်-

| | | |
|---|---|---|
| (က) | မှတ်ပုံတင်ရေးအဖွဲ့ အတွင်းရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင် (၄) နှင့် (၅) | အဖွဲ့ဝင်များ |
| (ဂ) | စာရင်းကောက်ယူခြင်း၊ ရွေးချယ်ခြင်းတို့ ဆောင်ရွက်ရာတွင် အကူအညီ ပေးနိုင်သူ နှစ်ဦး | အဖွဲ့ဝင်များ |

၄။ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့သည် ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ (၃) နှင့် (၆) တို့ပါ သတ်မှတ်ချက်အရ မြို့မိမြို့ဖများနှင့် မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သော အ ဖွဲ့အစည်းများ၏ ကိုယ်စားလှယ်ရွေးချယ်ရာတွင် အောက်ပါအချက်များနှင့် ပြည့်စုံသူကို ရွေးချယ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်-

(က) အသက် ၅၀ နှစ်အောက်မငယ်၊ အသက် ၇၀ နှစ်ထက်မကြီးသူ၊

(ခ) သက်ဆိုင်ရာ မြို့နယ်အတွင်း အမြဲနေထိုင်သူ၊

(ဂ) သက်ဆိုင်ရာ ဘာသာရေးကိစ္စများတွင် စိတ်ဝင်စားပြီး ဘာသာရေးကို အလေးအနက်ထားသူ၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး ဆက်ဆံရေးပြေပြစ်သူ၊

(င) လူမှုရေး၊ စီးပွားရေးနှင့်စပ်လျဉ်း၍ မကောင်းသတင်းကျော်စောခြင်း မရှိသူ၊

(စ) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာ တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင် ဒဏ်ကျခံနေရဆဲ မဟုတ်သူ၊

(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူ။

၅။ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့သည်-

(က) ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့ပါ အဖွဲ့ဝင်များရွေးချယ်ရေးအတွက်-

(၁) မြို့နယ်အတွင်းရှိ ကိုးကွယ်ရာဘာသာအရေအတွက်နှင့် ယင်းကိုးကွယ်ရာဘာသာအလိုက် ဘာသာ ဝင်ဦးရေတို့ကို စာရင်းပြုစုရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ ပြုစုထားသော ကိုးကွယ်ရာဘာသာအလိုက် သက်ဆိုင်ရာဘာသာဝင်များက ဘာသာဝင်များအနက်မှ မိမိတို့ကြည်ညိုလေးစားသော ပုဂ္ဂိုလ်တစ်ဦးစီကို မြို့မိမြို့ဖအဖြစ် ရွေးချယ်ပြီး အမည်စာရင်းတင်ပြရန် ညွှန်ကြားခြင်း၊ ရွေးချယ်မှုကို ကြီးကြပ်ခြင်းပြုရမည်။

(၃) သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက် ကိုယ်စားပြုသော မြို့မိမြို့ဖအမည်စာရင်းကို ရရှိသည့်အခါ ယင်းမြို့မိမြို့ဖများအနက်မှ ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည့် မြို့မိမြို့ဖတစ်ဦးကို ယင်းတို့ အချင်း ချင်း ညှိနှိုင်းရွေးချယ်စေရမည်။

(၄) အပိုဒ်ခွဲငယ်(၂) အရ ရွေးချယ်ရရှိသော အမည်စာရင်းကို ပုံစံ ၁ ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၃) အရ ရွေးချယ်ရရှိသော ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသည့် အမည်စာရင်းကို ပုံစံ ၁ (က) ဖြင့်လည်းကောင်း ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) ပါ အဖွဲ့ဝင်ရွေးချယ်ရေးအတွက်-

(၁) မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အရေအတွက်ကို စာရင်းပြုစုရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ ပြုစုထားသော စာရင်းပါ မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အ စည်းများကို ယင်းတို့၏ကိုယ်စား မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန် ကိုယ်စားလှယ် တစ်ဦး ရွေးချယ်စေပြီး ယင်းကိုယ်စားလှယ်၏ ကိုယ်ရေးအချက်အလက်များနှင့်အတူ အမည်စာရင်း တင်ပြရန် ညွှန်ကြားရမည်။

(၃) အပိုဒ်ခွဲငယ် (၂) အရ တင်ပြသည့် ကိုယ်စားလှယ်အမည်နှင့် ယင်း၏ကိုယ်ရေးအချက်အလက်များ ကို ပုံစံ ၁ (ခ) ဖြင့် ဥက္ကဋ္ဌထံ တင်ပြရမည်။

၆။ ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့က တင်ပြသော အမည်စာရင်းများကို စိ စစ်၍ ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်ကို ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်သော ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌတာဝန် ထမ်း ဆောင်ရန် ရွေးချယ်ခြင်းမခံရသည့် မြို့မိမြို့ဖများကို ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ သတ်မှတ်သော အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်း များက ယင်းတို့၏ ကိုယ်စားလှယ်အဖြစ် ရွေးချယ်သောပုဂ္ဂိုလ်ကို ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၆) အရ သတ်မှတ်သော အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်စေရမည်။

## အခန်း(၃)
## မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် လစ်လပ်နေရာကို အစားထိုးရွေးချယ်ခြင်း

၇။ ဥက္ကဋ္ဌသည် အပိုဒ် ၆ အရ တာဝန်ထမ်းဆောင်သည့် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးကို အပိုဒ် ၄ ပါအချက်များနှင့် ကိုက်ညီမှုမရှိသည့်အခါ တာဝန်မှရပ်စဲရမည်။

၈။ အပိုဒ် ၆ အရ တာဝန်ထမ်းဆောင်သည့် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် တာဝန်မှ နုတ်ထွက်လိုပါကအကျိုးအကြောင်းဖော်ပြချက်နှင့်တကွ ဥက္ကဋ္ဌထံ ရက်ပေါင်း ၃၀ ကြိုတင်၍ အ

ကြောင်းကြားတင်ပြရမည်။ ဥက္ကဋ္ဌသည် အကြောင်းပြချက်ခိုင်လုံကြောင်း စိစစ်တွေ့ရှိပါက သတ်မှတ် သည့် ရက်ပြည့်သည့်အခါ တာဝန်မှ နုတ်ထွက်ခွင့် ပြုနိုင်သည်။

၉။ ဒုတိယဥက္ကဋ္ဌလစ်လပ်သည့်အခါ သို့မဟုတ် အစားထိုးရွေးချယ်ရန် အကြောင်းပေါ်ပေါက်သည့်အခါ-

(က) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့သည်-

(၁) လစ်လပ်သည့် သို့မဟုတ် အစားထိုးရွေးချယ်မည့် ဒုတိယဥက္ကဋ္ဌ၏ သက်ဆိုင်ရာဘာသာဝင်များက ဘာသာဝင်များအနက်မှ မိမိတို့ကြည်ညိုလေးစားသော ပုဂ္ဂိုလ်တစ်ဦးကို မြို့မိမြို့ဖအဖြစ် ရွေးချယ်ပြီး အမည်စာရင်း တင်ပြရန် ညွှန်ကြားခြင်း၊ ရွေးချယ်မှုကို ကြီးကြပ်ခြင်းပြုရမည်။

(၂) ဖွဲ့စည်းပုံပါ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ကိုယ်စားပြုသော မြို့မိမြို့ဖအမည်စာရင်းကို ပြည့်စုံစွာ ပြန်လည်ရရှိသည့်အခါ ယင်းမြို့မိမြို့ဖများအနက်မှ ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည့် မြို့မိမြို့ဖတစ်ဦးကို ယင်းတို့အချင်းချင်းညှိနှိုင်းရွေးချယ်စေရမည်။

(၃) အပိုဒ်ခွဲငယ် (၁) အရ ရွေးချယ်ရရှိသော အမည်စာရင်းကို ပုံစံ ၁ ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၂) အရ ရွေးချယ်ရရှိသော ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသည့် အမည်စာရင်းကို ပုံစံ ၁(က) ဖြင့်လည်းကောင်း ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည်-

(၁) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့က တင်ပြသောအမည်စာရင်းကို စိစစ်၍ ဒုတိယ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်ကို ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ သတ်မှတ်သော ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စေရမည်။

(၂) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) အရ ရွေးချယ်တင်ပြသော မြို့မိမြို့ဖသည် ဒုတိယဥက္ကဋ္ဌတာဝန် ထမ်း ဆောင်ရန် ရွေးချယ်ခြင်းမခံရသည့်အခါ ယင်းကို ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ သတ် မှတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်စေရမည်။

၁၀။ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) အရ ခန့်အပ်သော အဖွဲ့ဝင်တစ်ဦးလစ်လပ်သည့်အခါ သို့မဟုတ် အစားထိုးရွေးချယ်ရန်အကြောင်း ပေါ်ပေါက်သည့်အခါ-

(က) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့သည်-

(၁) လစ်လပ်သည့် သို့မဟုတ် အစားထိုးရွေးချယ်မည့် အဖွဲ့ဝင်၏ သက်ဆိုင်ရာဘာသာဝင်များက ဘာ သာဝင်များအနက်မှ မိမိတို့ကြည်ညိုလေးစားသောပုဂ္ဂိုလ်တစ်ဦးကို မြို့မိမြို့ဖအဖြစ် ရွေးချယ်ပြီး အမည် စာရင်းတင်ပြရန် ညွှန်ကြားခြင်း၊ ရွေးချယ်မှုကို ကြီးကြပ်ခြင်းပြုရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ ရွေးချယ်ရရှိသော အမည်စာရင်းကို ပုံစံ ၁ ဖြင့်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့က တင်ပြသော အမည်စာရင်းကို စိစစ်၍ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ သတ်မှတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင် စေ ရမည်။

၁၁။ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) အရ ခန့်အပ်သော အဖွဲ့ဝင်တစ်ဦးလစ်လပ်သည့်အခါ သို့မဟုတ် အစားထိုးရွေးချယ်ရန်အကြောင်း ပေါ်ပေါက်သည့်အခါ-

(က) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့သည်-

(၁) မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများကို ယင်းတို့၏ ကိုယ်စား မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန် ကိုယ်စားလှယ်တစ်ဦးကို ထပ်မံရွေးချယ်စေပြီး ယင်းကိုယ်စားလှယ်၏ ကိုယ်ရေးအချက်အလက်များနှင့်အတူ အမည်စာရင်းတင်ပြရန် ညွှန်ကြားရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ တင်ပြသည့် ကိုယ်စားလှယ်အမည်နှင့် ယင်း၏ကိုယ်ရေးအချက်အလက်များ ကို ပုံစံ ၁ (ခ) ဖြင့် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ရေးအဖွဲ့က တင်ပြသောအမည်စာရင်းကို စိစစ်၍ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) အရ သတ်မှတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင် စေ ရမည်။

၁၂။ ဥက္ကဋ္ဌသည် မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းထားမှုအခြေအနေကိုလည်းကောင်း၊ ဖွဲ့စည်းပုံ ပြင်ဆင် ပြောင်းလဲမှုများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူးရုံး မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း(၄)

## ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်းနှင့် သက်သေခံလက်မှတ် ထုတ်ပေးခြင်း

၁၃။ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသည့် ကိုးကွယ်ရာဘာသာ ကူး ပြောင်းလိုသူသည် မိမိနေထိုင်ရာ မြို့နယ်ရှိ မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ပုံစံ ၂ ဖြင့် ကိုယ်တိုင် လာရောက် လျှောက်ထားရမည်။

၁၄။ မှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်စာရင်းရေးသွင်းရာတွင် ပုံစံ ၃ ကို အသုံးပြုရမည်။

(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအတွက် ဖွင့်လှစ်သောအမှုတွဲတွင် အောက်ပါတို့ကို ပူးတွဲထား ရမည်-

(၁) ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်လွှာ ပုံစံ ၂၊

(၂) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်း ပုံစံ ၃၊

(၃) တွေ့ဆုံမေးမြန်းမှု မှတ်တမ်း ပုံစံ ၄၊

(၄) တွေ့ဆုံဆွေးနွေးမှု မှတ်တမ်း ပုံစံ ၅၊

(၅) ဝန်ခံကတိပြုလွှာ ပုံစံ ၆၊

(၆) သက်သေခံလက်မှတ် ပုံစံ ၇၊

(၇) သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ဦးစီးဌာနများသို့ တင်ပြချက် ပုံစံ ၈။

၁၅။ မှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူနှင့် တွေ့ဆုံမေးမြန်းမှုမှတ်တမ်းကို ပုံစံ ၄ ဖြင့် မှတ်တမ်းတင် ထားရှိရမည်။

(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက လေ့လာလိုကြောင်း တင်ပြလျှင် လေ့လာခွင့်ပြုနိုင်ရေး အ တွက် အောက်ပါစာအုပ်စာတမ်းများကို မှတ်ပုံတင်ရေးအဖွဲ့စာကြည့်တိုက်တွင် စုဆောင်းထိန်းသိမ်း ထား ရှိနိုင်သည်-

(၁) ကိုးကွယ်ရာဘာသာများနှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်း၊ ဥပဒေနှင့် ကျမ်းစာအုပ်များ၊

(၂) ကိုးကွယ်ရာဘာသာများ၏ ထိမ်းမြားလက်ထပ်ခြင်း၊ အမွေဆက်ခံခြင်း၊ သားသမီးအုပ်ထိန်းခြင်း၊ လင်မယား ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ။

၁၆။ မှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) အရ ထပ်မံတွေ့ဆုံဆွေးနွေးရာတွင် ပုံစံ ၅ ကို အသုံးပြုရမည်။

(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ကိုးကွယ်ရာဘာသာကူးပြောင်းလိုကြောင်းဆုံးဖြတ်လျှင် ယင်းသို့ ဆုံးဖြတ်ခြင်းသည် ယင်း၏ လွတ်လပ်သောသဘောဆန္ဒဖြစ်ကြောင်း ဝန်ခံကတိပြုရာတွင် ပုံစံ ၆ ကို အသုံးပြုရမည်။

(ဂ) ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၁) အရ သက်သေခံလက်မှတ်ထုတ်ပေးရာတွင် ပုံစံ ၇ ကို အသုံးပြုရမည်။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူနှင့် ပတ်သက်၍ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) နှင့်အညီ သက် ဆိုင်ရာ အစိုးရအဖွဲ့နှင့် ဦးစီးဌာနများသို့ တင်ပြရာတွင် ပုံစံ ၈ ကို အသုံးပြုရမည်။

၁၇။ မှတ်ပုံတင်ရေးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူးရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှု ကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများသို့ ဥပဒေပုဒ်မ ၁၀ အရ တင်ပြရာတွင် ပုံစံ ၈ ဖြင့် တင်ပြရမည်။

## **အခန်း(၅)**

## **အထွေထွေ**

၁၈။ မြို့နယ်သာသနာရေးမှူးလစ်လပ်လျက်ရှိသည့် မြို့နယ်များနှင့် မြို့နယ်သာသနာရေးမှူးရုံးရှိသော် လည်း မြို့နယ်သာသနာရေးမှူး ခန့်အပ်နိုင်ခြင်းမရှိသေးသည့် မြို့နယ်များတွင်-

(က) မြို့နယ်သာသနာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်နေသော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးသည် မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။

(ခ) ဒုတိယမြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန သည် မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင် (၄) ၏ တာဝန်ကို ထမ်းဆောင်ရမည်။

၁၉။ မှတ်ပုံတင်ရေးအဖွဲ့ရုံးတွင် မှတ်တမ်းတင်ထားသည့် အမှုတွဲတစ်ရပ်ရပ်သည် ဥပဒေပါ ပြစ်ဒဏ် တစ် ရပ်ရပ်ကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်ခြင်းနှင့်စပ်ဆိုင်လာသည့်အခါ မှတ်ပုံတင်ရေးအဖွဲ့သည် ထိုအကြောင်းခြင်းရာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူးရုံးမှ တစ် ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၂၀။ မှတ်ပုံတင်ရေးအဖွဲ့သည် ဥပဒေပါ ကိစ္စရပ်များကို ပိုမိုမြန်ဆန်စွာ အကောင်အထည် ဖော်ဆောင်ရွက် နိုင်ရန်လိုအပ်သည့် အစီအမံများထားရှိခြင်းနှင့် အစည်းအဝေးကျင်းပခြင်းများကို လိုအပ်သလို ဆောင် ရွက်နိုင်သည်။

ဦးစိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ ၁ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တင်ပြလွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ၁(က) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်ပြလွှာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ ၁(ခ) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်တင်ပြလွှာ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ ၂ ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ ၃ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ ၄ တွေ့ဆုံမေးမြန်းမှုမှတ်တမ်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 08 ပုံစံ ၆ ဝန်ခံကတိပြုလွှာ

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 09 ပုံစံ ၇ ဥပဒေနှင့်အညီ ကိုးကွယ်ရာဘာသာကူးပြောင်းကြောင်း သက်သေခံလက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 10 ပုံစံ ၈ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဦးစီးဌာနများသို့ တင်ပြချက်

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 07 ပုံစံ ၅ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း